နောက်ဆက်တွဲ H
အကန့်အသတ်ရှိသော အင်္ဂလိပ်စကား ကျွမ်းကျင်ပိုင်နိုင်မှုဆိုင်ရာ မူဝါဒ ထုတ်ပြန်ချက်

ဤ _____ (Organization name)
အဖွဲ့အစည်း အနေဖြင့် အင်္ဂလိပ် စကား ကျွမ်းကျင်မှု အကန့်အသတ်ရှိသော (LEP) လူများအတွက် ပရိုဂရမ်များ၊ ပံ့ပိုးဝန်ဆောင်ပေးမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုအားလုံးတို့၌ အခွင့်အရေးတန်းတူညီမျှမှုကို စီစဉ်ဆောင်ရွက်ပေးရန် အာမခံပြီးဖြစ်သည်။ ၁၉၆၄ ခုနှစ်၌ပြဋ္ဌာန်းထားသည့် Civil Rights Act အောက်ရှိ Title VI အရ မူလမိခင်နိုင်ငံအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုကို တားမြစ်ပိတ်ပင်ထားပြီး ယင်း အကာအကွယ်ပေးမှုမှာ ၁၃၁၆၆ Executive Order အရ ထပ်မံ အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်ကာ အစီအစဉ် ထဲသို့ဝင်ရောက်သည့် LEP လူများအတွက် အကာကွယ်ပေးထားပါသည်။ ဝန်ဆောင်ပေးမှုထဲ၌ပါဝင်သည့်အရာများမှာ LEP လူများအတွက် အဓိပ္ပါယ် နားလည်သဘောပေါက်ရန်၊ အမှားအယွင်းမဖြစ်ပေါ်ရန်နှင့် အစီအစဉ်များ၊ အကျိုးခံစားခွင့်များနှင့် ဆောင်ရွက်မှုများ၌ အခွင့်အရေး ညီတူညီမျှ ရရှိစေရန် စာဖြင့်ရေးသား ဘာသာပြန်ဆိုပေးခြင်းနှင့် နူတ်ဖြင့်စကားပြန် လုပ်ပေးခြင်း စသည်တို့ပါဝင်ပြီး အခမဲ့သာဖြစ်ပါသည်။

ဤမူဝါဒမှာ _____ (Organization name)
အဖွဲ့အစည်း၏ မူဝါဒသာလျှင်ဖြစ်ပြီး မိသားစုဝင်များ သို့မဟုတ် မိတ်ဆွေများအား စကားပြန်အဖြစ် အကူအညီတောင်းရမှုများကို အားမပေးရန်သာ ဖြစ် ပြီး ဤသို့လုပ်ခြင်းကြောင့် ထိုလူများ၏ ကိုယ်ရေးကိုယ်တာကို ချိုးဖောက်ရာရောက်သလို အမှားအယွင်းရှိနိုင်ပြီး လျှို့ဝှက်သည့် အချက်အလက်တို့ကို ထုတ်ဖော်ပြောမိစေနိုင်သောကြောင့်ဖြစ်သည်။ LEPဝန်ဆောင်မှုအသုံးပြုသူအားလုံးကိုသတင်းပေးရန် ကျွန်ုပ်တို့၏ မူဝါဒဖြစ်ကာ ဘာသာစကား အကူအညီ/စကား ပြန် ပံ့ပိုး ဝန်ဆောင်ပေးမှုကို LEP ဝန်ဆောင်မှုအသုံးပြုသူအားလုံးအား အခမဲ့ ရယူနိုင်မည့် အခွင့်အရေး ရရှိစေရပါမည်။ LEP ဝန်ဆောင်မှု အသုံးပြုသူ တစ်ဦးဦးမှ ယင်း ပံ့ပိုးဝန်ဆောင်ပေးမှုများကို ငြင်းဆိုပြီး မိသားစုဝင် သို့မဟုတ် မိတ်ဆွေ တစ်ဦးဦး အသုံးပြုရန် တောင်းခံမည်ဆိုပါက သတင်းထုတ်ပြန်ခွင့် ဝန်ခံချက်ကို ၎င်းအား လက်မှတ်ရေးထိုးစေမည်ဖြစ်ကာ ဤသို့လုပ်ဆောင်ခြင်းဖြင့် လျှို့ဝှက်ချက်နှင့်ပတ်သက်ပြီး ဥပဒေချိုးဖောက်ခြင်း တစ်စုံတစ်ခု ရလဒ်မျိုး ဖြစ်ပေါ်စေနိုင်ပြီး သူ/သူမ မှ မည်သည့် မမှန်ကန်သော ဘာသာပြန်ဆိုမှု သို့မဟုတ် နားလည်သဘောပေါက်မှုလွဲမှားခြင်းအတွက်မဆို အေဂျင်စီ တာဝန်ဝတ္တရားများကို တာဝန်ယူလိမ့်မည်မဟုတ် စသည့်အချက်များပါဝင်သည်။

ဤအဖွဲ့အစည်းမှ ငယ်ရွယ်သည့် ကလေးအရွယ် (အသက် ၁၈ နှစ် သို့မဟုတ် ထို့ထက်ငယ်သော) များကို စကားပြန်အနေဖြင့် အသုံးပြုခြင်းအား တားမြစ်ထားပြီး မည်သည့် အခြေအနေမျိုးအတွက်မဆို ယင်း ငယ်ရွယ်သည့် ကလေးများအား စကားပြန်လုပ်ပေးရန် ခွင့်ပြုပေးလိမ့်မည်မဟုတ်ပါ။

ဤ အေဂျင်စီအနေဖြင့် ကျွန်ုပ်တို့၏ ပံ့ပိုးဝန်ဆောင်မှု ဧရိယာအတွင်းရှိ ပြောင်းလဲနေသော ပထဝီလူဦးရေ အခြေအနေနှင့် ဘာသာစကား လိုအပ်မှု အသိကို သေချာအောင်လုပ်ဆောင်ရန် နှစ်စဉ်ဖြစ်ပေါ်မှုအပေါ် အခြေခံသည့် ပြောင်းလဲနေသည့် ပထဝီအခြေအနေနှင့် လူဦးရေထူထပ်မှု ဦးတည်ရာများကို ၎င်းကိုယ်တိုင် စောင့်ကြည့်စစ်ဆေးသွားပါသည်။

ဤအေဂျင်စီနှင့် စာချုပ်ချုပ်ဆိုပြီး အပ်နှင်းခံရသူအခွဲများအားလုံးအနေဖြင့် LEP မူဝါဒ လိုအပ်ချက်များနှင့်ပတ်သက်ပြီး လိုက်နာဆောင်ရွက်သွားရန် အထူးလိုအပ်ပါလိမ့်မည်။

အကန့်အသတ်ရှိသော အင်္ဂလိပ်စကား ကျွမ်းကျင်မှု ဆိုင်ရာအားလုံး၏ စည်းကမ်းများ၊ စည်းမျဉ်းများ၊ နှင့် လမ်းညွှန်ချက်များအတွက်လိုက်နာဆောင်ရွက် ခြင်းတွင် ကျွန်ုပ်တို့ကို အထောက်အကူပြုရန်၊
(Mr./Ms.) _____ ဖုန်းနံပါတ် _____
အား အကန့်အသတ်ရှိသော အင်္ဂလိပ်စကား ကျွမ်းကျင်ပိုင်နိုင်မှု တာဝန်ခံတစ်ဦးအနေဖြင့် ကျွန်ုပ် ခန့်အပ်တာဝန်ပေးပါသည်။
LEPဝန်ဆောင်မှုအသုံးပြုသူများအနေဖြင့် ဘာသာစကား အကူအညီ တောင်းခံဖို့အတွက် မေးမြန်းစုံစမ်းရန် သို့မဟုတ် လေ့လာမိခွဲ့သော မည်သည့် ခွဲခြားဆက်ဆံခံရမှုမျိုးအတွက်ကိုမဆို ဆွေးနွေးရန် ကျွန်ုပ်တို့ တိုက်တွန်းလိုပါသည်။ ခွဲခြားဆက်ဆံခံရမှု တိုင်ကြားချက် ဖြေရှင်းခြင်း လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အချက်အလက်များမှာ သင့် တောင်းခံမှုပေါ် မူတည်ပြီး ပေးအပ်ရန်အဆင်သင့်ရှိထားပါသည်။

_____ _____
လက်မှတ်- စီမံခန့်ခွဲရေး ဒါရိုက်တာ သို့မဟုတ် အဓိက စီမံခန့်ခွဲရေး အရာရှိ လက်မှတ်ထိုးသည့်နေ့စွဲ